# media release

ABC Radio Australia

၂၀၀၉ ခု ဩဂုတ်လ။ ၁၂ ရက်။ ဗုဒ္ဓဟူးနေ့

## ရေဒီယို ဩစတေးလျ အသံလွှင့်ဌါန က မြန်မာနိုင် ငံ သို့ မြန်မာ ဘာသာ ဖြင့် အသံလွှင့် တော့ မည်။

မဲလ်ဘွန်း။ ရေ ဒီ ယို ဩစတေး လျ က အ ထူး အစီ အစဉ် အ ဖြစ် မြန်မာ နိုင် ငံ တွင်း ရှိ သောတရှင် များ ကို အသံလွှင့်မည် ဖြစ် ပြီး၊ မကြာမှီ အထူး မြန် မာ ဘာသာ အစီအစဉ် ဖြင့် အ သံ လွှင့် မည် ဟု ယ နေ့ ကြေ ငြာခဲ့ ပါ သည်။

ရေ ဒီ ယို ဩစတေး လျ အသံ လွှင့်ဌါန ဦးစီးမှူး ဖြစ် သူ **Hanh Tran** က၊ မြန် မာ နိုင် ငံ တွင်း လွန် ခဲ့ တဲ့ (၆) လ အ တွင်း – နား ဂစ် မုန် တိုင်း အပါ အဝင်၊ နိုင် ငံ ရေး ဖြစ် စဉ်များ၊ မြန်မာ နိုင် ငံ တွင် မကြာမှီ ရွေး ကောက် ပွဲ ပြု လုပ် တော့ မည့် အခြေအနေ များ ကြောင့် ဩစတေးလျ နိုင် ငံ အနေ ဖြင့် မြန်မာ နိုင် ငံ နှင့် ပို ၍ နီး ကပ်စွာ ဆက် ဆံ မှု များ လို အပ် နေ ပြီ ဆို သည် ကို ပြ သ နေ သည် ဟု ဆို ပါ သည်။

ရေ ဒီ ယို ဩစတေး လျ က၊ မြန် မာ နိုင် ငံ ကို မီး မောင်း ထိုး သည့် အင်္ဂလိပ် ဘာ သာ အစီ အစဉ် များ ကို ချက် ချင်း စ တင် တော့မည်  ဖြစ် ပြီး၊ မကြာ ခင် အတော အတွင်း တွင် မြန် မာ ဘာသာ ဖြင့် လွှင့် တော့ မည့် အ စီ အစဉ် ရှိ နေ ပြီ ကြောင်း ပြော ဆို သွား ပါ သည်။

**ABC International** ဌါ န က ဒါရိုက်တာ **Murray Green** က  ဩစတေး လျ အသံလွှင့်ဌါ န အနေဖြင့် ဩစတေး လျ နိုင်ငံ ခြား ရေး ဝန် ကြီးဌါ န နှင့် အ တူ ပူး တွဲ ၍၊ မြန်မာ နိုင် ငံ တွင်း သို့ သတင်း နှင့် ပြန်ကြားရေး ပို မို တိုး တက် ကောင်းမွန် ရန် နည်း လမ်းများ ရှာ ဖွေ ခဲ့ ကြောင်း ပြော ဆို သွား ပါ သည်။

**Murray Green** က သတင်း လွတ်လပ် မှု မရှိ သည့် နေ ရာ ဒေသ များ တွင် နေ ထိုင် သူ များ အတွက်၊ သတင်းပြန် ကြား ခြင်း သည် ၄င်းတို့ အသံလွှင့်ဌါန ၏ တာ ဝန် ဝတ္တရား များ ကို ပြည့်ဝ ကြေပြွန်စွာ ဆောင်ရွက် ပေး နိုင် ခြင်း ဖြစ် သည် ဟု ဆို ပါ သည်။

ရေ ဒီ ယို ဩစတေး လျ သည် အရှေ့ တောင် အာရှ နယ် မြေတွင်း သို့ အသံ လွှင့် ခဲ့ သည် မှာ နှစ် ပေါင်း (၇၀) ရှိ ခဲ့ ပြီး ဖြစ် ပါ သည်။ ဘာဂျစ် အသုံး ငွေ ကို ၁၉၉၀ နှစ် ပိုင်း များ က လျှော့ ချ ခြင်း ခံ ခဲ့ ရ သည့် အတွက် ၄င်း တို့ ၏ အသံလွှင့် လုပ် ငန်း များ၊ အ တော် များ များ လျှော့ ချ ခဲ့ ရ ပါ သည်။

မြန်မာ နိုင်ငံ ကို ပစ်မှတ် ထား သော အစီ အစဉ် ကို စတင် နိုင် ခြင်း သည် ရေ ဒီ ယို ဩစတေး လျ ၏ ဒေသတွင်း သမိုင်း တွင် မှတ်တိုင် သစ် တခုဖြစ် သည် ဟု**Mr Green** က ပြောပါ သည်။

အသံ လွှင့် အစီ အစဉ် အသစ် သည်၊ လက် ရှိ ရေ ဒီ ယို ဩစတေး လျ ၏ လိုုင်းတို အသံ လွှင့် နည်းပညာများ၊ ခေတ်ပေါ် ဒီဂျစ် တယ် စက် နှင့်လျှပ်စစ် နည်း ပညာ များ ကို အသုံး ချ ၍ မြန်မာပြည် သူ များ နှင့် ပြည် ပ ရောက် မြန် မာ လူ မျိုး စု များ ကို အ ဆက် အသွယ် ပြု လုပ် သွား မည် ဖြစ် ပါ သည်။

---

သတင်း ပို ၍ စုံစမ်း လို ပါ က ဆက်သွယ် ရန်၊

Mark Hemetsberger, Marketing Strategist, ABC RADIO AUSTRALIA, Tel: +61 3 9626 1723, Mob: +61 438 947 523 Email: hemetsberger.mark@abc.net.au